# "သင့်ကလေးငယ်အပေါ်တွင် မည်သည့်အခါမျှ ယုံကြည်မှုမကင်းမဲ့ပါနှင့်"

## NEVER LOSE FAITH IN YOUR CHILD
**(Dr.Paul A. Kienel)**

ကျွန်ုပ်တို့၏ဘုရားသခင်သည် သူ၏ခရီးသွားဖေါ် တပည့်နောက်လိုက်များကို ရွေးချယ်သောအခါ ၎င်းတို့၏အတန်းအသီးသီး၌ပညာရေးတွင် ရာနှုန်းပြည့်ထူးချွန်သူများအား ရွေးချယ်ခြင်းမပြုခဲ့ပေ။ သူသည် နုံးညံ့သိမ်မွေ့ဆုံးတပည့်အများစုကိုသာ ရွေးချယ်ခဲ့ပြီး အရွေးချယ်ခံရသူများအနက် အများစုမှာလည်း သူ၏ဆုံးမသြဝါဒများကို အနာဂတ်မျိုးဆက်အားလုံးတွင် ထာဝရတည်တံ့အောင် စွမ်းဆောင်နိုင်သည့် ပညာအရည်အချင်း လုံးဝပြည့်စုံသူများမဟုတ်ကြပေ။

ဘုရားသခင်ရွေးချယ်သော တပည့်များထက်ပင်ထင်ရှားမှု အဆင့်နိမ့်လွန်းသည့်တိုင်အောင် လူကြီးများဘဝတွင် ခေါင်းဆောင်ကြီးများအဖြစ် ဂုဏ်ပြုခံထိုက်သောယောကျ်ားမြတ်များ များစွာပေါ်ထွန်းခဲ့ပါသည်။ ထိုသူတို့သည်လည်း ကလေးဘဝက "အောင်မြင်ရန်အလားအလာအနည်းဆုံး" အုပ်စုအဖြစ် အမြဲတန်းသတ်မှတ်ခံထားကြရသူများ ဖြစ်ပါသည်။

အဲလ်ဘာ့တ် ဟူသောယောကျ်ားလေးတစ်ဦး၏ ကဏ္ဍဝင်မြောက်နမူနာမှာ အထင်ရှားဆုံးဖြစ်ပါသည်။ အဲလ်ဘာ့တ်ကား သူ၏မိဘများကပင် သူ့အားပုံမှန်မဟုတ်သူလေးဟု ယူဆထားရလောက်အောင်ပင် ဉာဏ်ရည်နိမ့်သူ၊ သင်ယူမှုနှေးကွေးသူတစ်ဦး ဖြစ်ပါသည်။ သူ့ဆရာများက သူ့အား "မောင်သုည" ဟုခေါ်လေ့ရှိကြပြီး အတန်းသားများကလည်း သူ့ကိုအဘက်မလုပ်ကြဘဲ ဝိုင်းပယ်ထားကြသည်။ သူသည် ပထမဆုံးအကြိမ် ကောလိပ်ဝင်ခွင့်စာမေးပွဲတွင် ကျရှုံးခဲ့သည်။ လူတကာအံ့သြလောက်အောင်ပင် ကမ္ဘာ့အကြီးကျယ်ဆုံး သိပ္ပံပညာရှင်ကြီးတစ်ဦး ဘဝသို့သူပြောင်းလဲရောက်ရှိလာခဲ့သည်။ သူ့အမည်ကား အဲလ်ဘာတ် အိုင်စတိုင်း (Albert Einstein) ပင်တည်း။

ဝင်စတန်ချာချီ (Winston Churchill) သည်လည်း ကျောင်းသားဘဝက ထူးချွန်သူများစာရင်းတွင် ပါဝင်သူမဟုတ်ပေ။ တကယ်တော့သူသည် ငယ်ရွယ်စဉ်အခါ ပညာသင်ကြားစဉ်ကာလများက ညံ့ဖျင်းသူများစာရင်းဝင် တစ်ဦးပင်ဖြစ်ပါသည်။ သူသည် အလွန်ပင် ပေါ့ပျက်ပျက်နိုင်လွန်းလှသဖြင့် သူ၏မိဘများနှင့်ဆရာများက သူတို့နားမလည်နိုင်လောက်အောင်ပင် ဖြစ်ခဲ့ရသည်။ အင်္ဂလန်နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရသော ကာလများတွင်မူ နိုင်ငံရေးသမိုင်း၌ စကားပြောကောင်းဆုံး ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်လာခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် သူသည်စာပေဆိုင်ရာနိုဘယ်ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။

သင်၏ကလေးငယ်များသည်လည်း ကျောင်းစာတွင်မမီမကမ်း ကြိုးစား၍နပမ်းလုံးနေရလျှင်လည်း သူတို့အပေါ်တွင် ယုံကြည်မှုမကင်းမဲ့ပါနှင့်။ မျှော်လင့်ချက်ရှိပါသည်။ စင်စစ်ကျောင်းစာတွင် ပင်ပန်းကြီးစွာရုန်းကန်နေရသော ကလေးများအောင်မြင်မှုမရှိရဟုမှုသေကန့်သတ်ထားခြင်း မရှိပါ။ ကျောင်းစာတွင်ပါရမီခံကောင်း၍ အဆင့် "အေ" ရရှိအောင်ထူးချွန်သော ကလေးများသည် အနာဂတ်တွင်အောင်မြင်မှုရကြမည်ဟု တရားသေမပြောနိုင်ပါ။ ကျောင်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် အမြဲတစေရုန်းကန်၍ ကုတ်ကပ်တွယ်တက်နေရသောကလေးများသည် ၎င်းတို့၏အနာဂတ်ကာလ ဖြတ်သန်းရမည့်ခရီးတွင် ၎င်းတို့၏တန်ဖိုးရှိသော နိုင်ငံသားများအဖြစ် ပြဌာန်းနိုင်သောအရည်အသွေးသည် အဆမည်မျှတိုးတက်လာကြကြောင်းကို လေ့လာဆန်းစစ်ကြည့်လျှင် စိတ်ဝင်စားဖွယ်ကောင်းကြောင်း တွေ့ရပေမည်။

သင်၏ကလေးငယ်သည်လည်း "ပညာရေးအောင်မြင်မှု" အဆင့်တစ်ရပ်ထက် နိမ့်နေပါလျှင် ကိုလံဘီယာ တက္ကသိုလ် (Columbia University) မှဘွဲ့ရကျောင်းသား ၃၄၃ဦးအပေါ် လေ့လာတွေ့ရှိချက်များကို ကြည့်ခြင်းဖြင့် သင်စိတ်သက်သာရာရနိုင်ပါသည်။ အဆိုပါတွေ့ရှိချက်များအရ "ကိုလံဘီယာ တက္ကသိုလ်မှ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူများ၊ ပညာသင်ဆုချီးမြှင့်ခံရသူများ၊ ပညာရည်ချွန် ကောင်းသားများအသင်းဖြစ်သော ဖေး ဘီတာ ကေးပါး (Phi Beta Kappa) တွင်အရွေးချယ်ခံရသူများသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထိပ်တန်းကျွမ်းကျင်သူများထက် ကျွမ်းကျင်မှုစွမ်းရည် အဆင့်နိမ့်ကြသည်" ဟူ၍ပင်ဖြစ်ပါသည်။ အဆိုပါလေ့လာတွေ့ရှိချက်များသည် ကောင်းစာတွင်အမြဲတန်း အောင်မြင်မှုရရှိနေကြသူများသည် ကျောင်းစာကိုအပန်းတကြီး ကုတ်ကပ်တွယ်ဖက်ကြိုးစားနေသူများအတွက် သီးသန့်ဖယ်ထားသည့် တန်ဖိုးရှိသောသင်ခန်းစာများ (ဖွဲ၊ လုံ့လ၊ ဝီရိယ) ကိုမည်သည့်အခါမျှ သင်ယူခဲ့ဖူးခြင်းမရှိကြပါဟူ၍ ကျွန်ုပ်အဓိပ္ပါယ်ကောက်ယူကြည့်ချင်ပါသည်။ ကျောင်းပညာရေးတွင် အောင်မြင်မှုရရှိနေသူများသည် ဆုံးဖြတ်တတ်မှုအရည်အသွေး ပျောက်ဆုံးနေတတ်ကြပြီး ဆုံးရှုံးမှုနှင့်ကြုံတွေ့ရမည့် စွန့်စားမှုမျိုးကို အားထုတ်ရန်ကြောက်ရွံ့နေတတ်ကြသည်။ သင်သည်ဘဝတွင် အောင်မြင်မှုရရှိရန် ကျောင်းစာ၌ညံ့ဖျင်းထုံထိုင်းပြီး အခက်အခဲများရရှိမည်ဟု မဆိုလိုပါ။ ဉာဏ်ရည်ထက်မြက်ခြင်းသည်ဥပဒေအရ တာဝန်ရှိမှုတစ်ရပ်မဟုတ်ပါ။ တစ်နည်းအားဖြင့် ဉာဏ်ရည်ထက်မြက်ခြင်းရှိမှု မရှိမှုအတွက် လူတိုင်းတွင်တာဝန်မရှိပါ။ ဘုရားသခင်၏ လူသားတို့၏ စီးပွားရေးနယ်ပယ်တခါင် သူကသူ၏ ပိုင်နက်လောကအတွက် ဂရုဏာတော်ဖြင့် ထိန်းညှိပေးထားသောအတိုင်းအတာတန်ဖိုး (ချိန်ခွင်တစ်ဘက်ရှိပစ္စည်း) သည် ပညာရည်ထက်မြက်မှုစွမ်းအား တစ်ခုတည်းကိုသာပြဌာန်းခြင်း မပြုခဲ့ပါ။ ဘုရားသခင်သည် မှေးမှိန်သောအလင်းရောင်ကို အသုံးပြုနိုင်သကဲ့သို့ တောက်ပစူးရှသောအလင်းရောင်ကိုလည်း အသုံးပြုနိုင်ပါသည်။ သူသည် ကျွန်ုပ်တို့ကိုယ်တိုင်က သူ၏ညွှန်ကြားချက်များကို လိုလားစွာလိုက်နာနေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့၏ဘဝများသည် ဘုရားသခင်၏ နာမတော်ကို အလေးအမြတ်ပြုရာရောက်ပေလိမ့်မည်။

ကျွန်ုပ်တို့၏ ပထမဆုံးသောတာဝန်မှာ ကျွန်ုပ်တို့၏ကလေးများအနေဖြင့် ဂျီးဆက်ခရိုက်စ် (Jesus Christ) ကိုလုံးဝသုံတာဝန်ခံရေးနှင့် သူ၏ဘဝအတွက် လမ်းညွှန်ဆုံးမမှုများကို အကြွင်းမဲ့ယုံကြည်ရေးတို့အတွက် လမ်းပြပေးရန်ဖြစ်ပါသည်။ "ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်။ သွားလေရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်" ဟု (သုတ္တံကျမ်း ၃း၅-၆) တွင်ဖော်ပြထားပါသည်။

သင်၏ကလေးငယ်သည် ကျောင်းနေစဉ်ကာလတွင် မည်သို့သောသဘာဝတရားအရ တာဝန်ရှိမှုများနှင့် ချို့ယွင်းမှုများရှိနေပါစေသူသည် ဘုရားသခင်ကို ချစ်မြတ်နိုးပြီး နေအိမ်ကိုခိုင်မာသော မေတ္တာဖြင့်နှောင်ဖွဲ့ထားလျှင် လောကကြီးအတွက် သူ၏တန်ဖိုးစွမ်းအားအလားအလာသည် ကြီးမားစွာမြင့်မား တိုးတက်လာပါလိမ့်မည်။ ခရစ်တော်က သူ့အပေါ်မေတ္တာထားခြင်းကိုလည်းကောင်း မိဘများကသူ့ကို ချစ်ခင်မြတ်နိုးသည်ကိုလည်းကောင်း သူသိပါလျှင် သင်၏ကလေးငယ်သည် မည်သည့်ဘဝမုန်တိုင်းကိုမဆို ခံနိုင်ရည်ရှိပါလိမ့်မည်။ မိဘများက သူ့အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာကို ပုံမှန်ဖြစ်စေ နည်းလမ်းအမျိုးမျိုးဖြင့်ဖြစ်စေ ထုတ်ဖော်ပြသလျှင် သင့်ကလေးငယ်၏ စိတ်ပိုင်းဆိုင်ရာနှင့် ခံစားမှုဆိုင်ရာကောင်းကျိုးချမ်းသာတို့ လျင်မြန်စွာတိုးတက်လာပါလိမ့်မည်။

ကီးနဲလ် (Kiemel) အိမ်ထောင်စု၏ လေ့လာတွေ့ရှိမှုများက သင်၏မိသားစုကို ချစ်ခင်ကြင်နာသော မိသားစုတစ်ခုအဖြစ်သို့ ထူးခြားစွာရောက်ရှိစေမည်ဟု ကျွန်ုပ်အာမခံပါသည်။ ကျွန်ုပ်နှင့်ဇနီးသည်တို့သည် ကျွန်ုပ်တို့၏သမီးလေး ၃ဦးအားတစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ် မွေးမွေးပေးကြပြီး သူတို့အားမိဘများအနေဖြင့် ချစ်ခြင်းမေတ္တာထားသည့် စကားများကိုပြောပြပါသည်။ သူတို့မြင်သာအောင်လည်း ကျွန်ုပ်နှင့်ဇနီးသည်တို့ အချင်းချင်းမွေးမွေးပေးကြပါသည်။ ကျွန်ုပ်တို့ မိသားစုအားလုံးအေးချမ်းမှုကို အတူတကွခံစားလာသည့်ပြင် ကျွန်ုပ်တို့၏ အိမ်တွင်စစ်မှန်သော မိသားစုချစ်ခြင်းမေတ္တာ ဖြန့်ကျက်လွှမ်းခြုံနေပါတော့သည်။ ကျွန်ုပ်၏အမြင်အရဆိုပါမူ သင်သည်ဘုရားသခင်အား မြတ်နိုးချစ်ခင်ပြီးနောက် ထာဝရချစ်ခြင်းမေတ္တာထားရမည့်သူမှာ သင်၏မိသားစုပင်ဖြစ်ပါသည်။ မိသားစုသည်လူ့အဖွဲ့အစည်း၏ အခြေခံယူနစ်/အစုအဖွဲ့ဖြစ်ပြီး ယင်းအစုအဖွဲ့၏ ပေါင်းစည်းမှုသည်ချစ်ခြင်းမေတ္တာပေါ်တွင် အခြေခံပါသည်။

ကျောင်း၊ ဘုရားကျောင်းနှင့် အိမ်နီးချင်းများ၏ နေ့စဉ်ဖိအားများကို ကျော်လွှားနိုင်သည့် သင့်ကလေးငယ်၏စွမ်းရည်သည် သူ၏နှလုံးသားထဲတွင် ဘုရားသခင်ချစ်ခြင်းမေတ္တာ၏ လုံခြုံမှုကိုရရှိနေလျှင် သူ့အားနားလည်ပြီး ချစ်ခြင်းမေတ္တာထားသောနေအိမ်တစ်ခုရှိသည်ကို သိရှိနေခြင်း၏ လုံခြုံမှုရရှိနေလျှင် တဖြည်းဖြည်းတိုးတက် မြင့်မားလာပါလိမ့်မည်။ ခရစ်ယာန်ကျောင်းပညာရေးသည် တန်ဖိုးရှိသကဲ့သို့ ခရစ်တော်အား လေးမြတ်ကြည်ညိုသော ချစ်ခြင်းမေတ္တာ လွတ်လပ်စွာစီးဆင်းနေသည့် ခရစ်ယာန်နေအိမ်များသည်လည်းတန်ဖိုးရှိပါသည်။

သင်၏ကလေးငယ်အပေါ်တွင် မည်သည့်အခါမျှ ယုံကြည်မှုမကင်းမဲ့ပါနှင့်။ သူ့ထံမှမျှော်လင့်ချက်ရှိနေပါသည်။ အကယ်၍ သင်၏နေအိမ်၊ ဘုရားရှိခိုးကျောင်း၊ စာသင်ကျောင်းနှင့် အထူးသဖြင့် သင့်တွင်ခရစ်တော်၏မေတ္တာတရားသည် ထူးကဲစွာဖြန့်ကျက်နေပါလျှင်မျှော်လင့်ချက် မလွဲမသွေရှိနေပါသည်။

..............................................................................

## "သမီးတို့င်းအတွက် ဂုဏ်ပြုလျက်"

*	နေအိမ်တိုင်းမှာ ရတနာသမီး
	သီးသီးရှိသင့် နှိုင်းချင့်ကြည့်ပါ
	သမီးရတနာနှင့် တူကာမရှိ
	ပကတိအလှ လောက၏သဘာဝတရား။

*	ကမ္ဘာမြေကို ခြေချသည့်ခဏ
	အကလေးဘဝမှ ကာလရွှေ့ညောင်း
	မိခင်လောင်းဖြစ် စင်စစ်သမီးဆိုတာ
	မ သဘာဝပဲ သိခက်ခဲ။

*	ခပင်ရယ်လိုက် ခငိုလိုက်နှင့်
	ခရှိုက် ခရှုင် အသွင်မျိုးစုံ
	ဇာတ်ရုပ်ပုံကို အကုန်အစင်
	နားလည်ချင်လည်း လွန်နက်နဲ။

*	နမလိုနှင့်ကြမ်း အကဲဖမ်းရာ
	မစွမ်းသာဘူး မာယာပင်နန်း
	အံ့မခန်းထူး ဦးနှောက်နှင့်စိတ်
	စိတ်နှင့်နှလုံးသား အကြားမလတ်

ဆက်စပ်ကြောင်းကျိုး ထိုဉာဏ်မျိုးတွင်
တန်ခိုးထက်သည့် ပါရမီရှင်။

* ကလေးဘဝ ကာလကတည်းက
အဝဲလို့သာ တစ်ခါအော်လျှင်
လိုချင်တာရ ဣစ္ဆာသယအစွမ်း
လောကလွှမ်း၍
အောင်ပန်းဆင်ရန် မွေးလာသူ။

* ပျိုမျစ်နုနယ် လှသွေးကြွယ်သည့်
အရွယ်ရောက်လျှင် ရှင်၍အပြုံး
မာယာသုံးကာ နှလုံးခက်ထန်
ကျောက်သားမှန်လည်း ဆယ်ပြန်မာစေ
နေထိဖယောင်း
လိုရာပြောင်းအောင် စွမ်းဆောင်သူ။

* ကလေးဘဝ ငယ်စဉ်ကပင်
အလှနှင်းဆီ ဖူးတံချီလျက်။

* နှစ်လီလီညှောင်း ရာသီပြောင်းသော်
ငယ်နှောင်းရုပ်သွင် ပီပြင်ခွင့်ကား
ကြွားရရှားနှင့် အလှတစ်ပါး
မ ဖုရားအဖြစ် မာဂုဏ်တင့်။

* လောကအကျိုး မျိုးဆက်သစ်များ
ပွားစည်ရန်မှာ တာဝန်သာမို့
မာတာဘဝ ထမ်းဆောင်ရသည်
ဘ ဘုရားအလိုတော်ကျပေကိုး။

* ကမ္ဘာခွင်၌ တုယှဉ်မဲ့ကင်း
ထင်လင်းဖြစ်လာ သမီးရတနာမှ
ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ
ဖျန်းကာသွန်းလောင်း သားကောင်းမိခင်
မြတ်နိုးကြင်သည်
အသင်လူသား စဉ်လေးစား။
ကြည်ညိုဆပွား မေတ္တာထား။ ။